# Information Sheet



**VOLUME I, ISSUE 42** 27 April 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းချက်ကို ကြိုဆိုထောက်ခံသည့် သဘောထားထုတ်ပြန်ချက်များ | ၁ |
| ၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ | ၃ |
| ၃ | ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ထိုင်းနိုင်ငံ တရားရေးဝန်ကြီးတို့ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး တိုးမြှင့်ဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေး | ၄ |
| ၄ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် "Seminar on ASEAN-Korea Culture and Tourism" သို့ အွန်လိုင်းမှ တက်ရောက် | ၆ |
| ၅ | (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသရောင်းချလျက်ရှိ | ၇ |
| ၆ | အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့လှူဒါန်းသည့် ဆန်နှင့်ဂျုံတို့ကို ပြည်သူများ၏ လက်ဝယ်အရောက်ဖြန့်ဝေပေးနိုင်ရေးဆောင်ရွက် | ၁၀ |
| ၇ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၂ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၈ | မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သမားများအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ | ၁၄ |
| ၉ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၁၇ |
| ၁၀ | တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံနှင့်ပတ်သက်၍ အဂတိလိုက်စားမှုဖြင့် ပြည်ထောင်စုဝန်ကြီးဟောင်းနှင့် ကုမ္ပဏီဥက္ကဋ္ဌအပါအဝင် (၇)ဦးတို့အား အမှုဖွင့်အရေးယူ | ၁၇ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းချက်ကို ကြိုဆိုထောက်ခံသည့် သဘောထားထုတ်ပြန်ချက်များ

### နိုင်ငံရေးပါတီ (၂၃) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

နိုင်ငံရေးပါတီ (၂၃) ပါတီ၏

ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၆) ရက်

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၁) ရက်

၁။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသက်တမ်းနှင့်အမျှဖြစ်သော လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်တိုင် ရုပ်မြင်သံကြားမှ ဖိတ်ခေါ်ခဲ့ပါသည်။

၂။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကို တိုက်ရိုက်ရည်ညွှန်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင် ရုပ်သံလွှင့်ကမ်းလှမ်းမှုက ပဋိပက္ခချုပ်ငြိမ်းရေး ရည်မှန်းချက်အပေါ် အလေးအနက်ထားမှုကို ဖော်ညွှန်းလျက်ရှိပါသည်။

၃။ ဖိတ်ခေါ်ကမ်းလှမ်းချက်တွင် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်ကို ရှင်းလင်းစွာ တွေ့မြင်ရပါသည်။

၄။ ငြိမ်းချမ်းရေးတည်ဆောက်မှု အောင်မြင်ရန်အတွက် အမှန်တကယ် ငြိမ်းချမ်းရေးရယူလိုစိတ်ရှိရန်သည် အခြေခံလိုအပ်ချက်ဖြစ်သည်ဟု ယုံကြည်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရန် စိတ်ရင်းစေတနာဖြင့် ကြိုးပမ်းမှုအားလုံးကို လှိုက်လှဲစွာ ကြိုဆိုပါသည်။

၅။ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ လုံခြုံမှု၊ စီးပွားဖွံ့ဖြိုးမှု၊ ချမ်းမြေ့ပျော်ရွှင်မှုတို့ကို ရှေးရှုလျက် သက်ဆိုင်သူအားလုံးက စိတ်ရင်းစေတနာဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

| စဉ် အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|
| ၁။ ဦးသန်းဌေး | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၃။ ဦးသန်းထွန်း | ဒုဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ | |
| ၄။ ဒေါက်တာနေဇင်လတ် | ဥက္ကဋ္ဌ | အမျိုးသားတိုးတက်ရေးပါတီ | |
| ၅။ ဦးတင်ဆွေ | ဒုဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | |
| ၆။ ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၇။ ဦးသိမ်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | |
| ၈။ ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၉။ ဦးရွှေမင်း(ခေါ်) ဆီဗာလာလူး | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၁၀။ ဦးမျိုးညွန့် | ဥက္ကဋ္ဌ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ | |
| ၁၁။ ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |
| ၁၂။ ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၃။ ဦးငွေအောင် | ဥက္ကဋ္ဌ | ပြည်သူ့အင်အားပါတီ | |
| ၁၄။ ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၅။ ဦးသောင်းဦး | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ | |
| ၁၆။ ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးပါတီ(UNFNP) | |
| ၁၇။ ဦးမင်းသူ | ဥက္ကဋ္ဌ | ပြည်ထောင်စုလယ်သမားအလုပ်သမား အင်အားစုပါတီ | |
| ၁၈။ ဦးကျော်စိန် | ဥက္ကဋ္ဌ | အမျိုးသားတိုးတက်မြင့်မားရေးပါတီ | |
| ၁၉။ ဦးအောင်သန်း | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်ထောင်စုပါတီ | |
| ၂၀။ ဦးကျော်ထွန်းနိုင် | ဒုဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၂၁။ ဦးသန်းဦး | ဒုဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၂။ ဦးစောလှိုင်ဝယ် | ဒုဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၂၃။ ဦးတန်ဂွန်း | ခေါ့ တွင်း/မှူး | လူထုပါတီ | |

၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂) ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းသည် တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်၍ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိစေရန် ကမ်းလှမ်းနိုးဆော်ချက်ဖြစ်သဖြင့် နိုင်ငံရေးပါတီ(၂၃)ပါတီ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များမှ ကြိုဆိုထောက်ခံကြောင်းဖြင့် သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်ခဲ့ပါသည်။

- ငြိမ်းချမ်းရေးတည်ဆောက်ရန် စိတ်ရင်းစေတနာဖြင့် ကြိုးပမ်းမှုအားလုံးကို လှိုက်လှဲစွာကြိုဆိုကြောင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ လုံခြုံမှု၊ စီးပွားဖွံ့ဖြိုးမှု၊ ချမ်းမြေ့ပျော်ရွှင်မှုတို့ကိုရှေးရှုလျက် သက်ဆိုင်သူအားလုံးက စိတ်ရင်းစေတနာဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ကြောင်း **နိုင်ငံရေးပါတီ (၂၃)ပါတီ**က သဘောထားထုတ်ပြန်ခဲ့။
- တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်သောငြိမ်းချမ်းရေးရရှိစေရန် ကမ်းလှမ်းနိုးဆော်ချက်ဖြစ်သဖြင့် **မြန်မာနိုင်ငံစာရေးဆရာအသင်း**မှ လှိုက်လှဲစွာထောက်ခံခဲ့။
- တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်သောငြိမ်းချမ်းရေးရရှိစေရန် ကမ်းလှမ်းနိုး

ဆော်ချက်ဖြစ်သဖြင့် **မြန်မာနိုင်ငံဟာသပညာရှင်များအသင်း (ဗဟို)**မှ လေးနက်စွာကြိုဆိုထောက်ခံကြောင်း ထုတ်ပြန်ခဲ့။

- အဆိုပါဖိတ်ခေါ်ကမ်းလှမ်းမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်ဖိတ်ခေါ်ကမ်းလှမ်းချက်ဖြစ်သဖြင့် **မြန်မာနိုင်ငံဂီတအစည်းအရုံး**က အကြွင်းမဲ့ထောက်ခံကြောင်း ကြေညာခဲ့။
- အဆိုပါပြောကြားချက်ကို အပြည့်အဝထောက်ခံကြောင်းနှင့် ထာဝရငြိမ်းချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုလျက် ရိုးသားပွင့်လင်းစွာ လက်တွဲဆောင်ရွက်ကြပါရန် သက်ဆိုင်သူများအား အလေးအနက်တိုက်တွန်းကြောင်း **ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**က သဘောထားထုတ်ပြန်ခဲ့။
- တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တလျက်ရှိသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏အရသာကို ခံစားနိုင်ရေးတို့အတွက် ရှေးရှုဖော်ဆောင်ခြင်းဖြစ်သဖြင့် ကြိုဆိုထောက်ခံကြောင်း **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**က သဘောထားထုတ်ပြန်ခဲ့။
- ထာဝရငြိမ်းချမ်းရေးအတွက် အပြုသဘောဆန်သော ဖိတ်ခေါ်မှုဖြစ်သည့်အတွက် ကြိုဆိုထောက်ခံရမည်ဖြစ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များအနေဖြင့်လည်း ရိုးသားပွင့်လင်းစွာ ပြည်သူ့အကျိုးကိုရှေးရှု၍ လက်နက်ကိုင်ပဋိပက္ခများကြောင့် အဘက်ဘက်မှနိမ့်ကျနေသော တိုင်းပြည်အခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ငြိမ်းချမ်းရေးမှတစ်ဆင့် တက်လှမ်းကြမည်ဖြစ်ရာ တိုင်းပြည်၏ အဓိကလိုအပ်ချက်ဖြစ်သော "ငြိမ်းချမ်းရေးရရှိဖို့ ရိုးသားပွင့်လင်းစွာ ဆွေးနွေးအဖြေရှာကြရန်" အလေးအနက်တိုက်တွန်းတောင်းဆိုကြောင်း **မြန်မာ့အမျိုးသားရေးကွန်ရက် (Myanmar National Network)**က သဘောထားထုတ်ပြန်ခဲ့။
- တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တလျက်ရှိသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏အရသာကို ရရှိခံစားနိုင်ရေးအတွက် ကမ်းလှမ်းနှိုးဆော်ချက်ဖြစ်သဖြင့် **မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**က လှိုက်လှဲစွာကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်ခဲ့။
- စစ်မှန်သော ငြိမ်းချမ်းရေးရရှိစေရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဖော်ဆောင်ခြင်းဖြစ်သဖြင့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**မှ လေးနက်စွာ ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်ခဲ့။
- အဆိုပါပြောကြားချက်သည် တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တလျက်ရှိသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏အရသာကို ခံစားနိုင်ရေးအတွက် ရှေးရှုဖော်ဆောင်ခြင်းဖြစ်ပါသည်။ "ရုပ်ရှင်သည် ပြည်သူ့အတွက်" ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူများလိုလားတောင့်တသော ငြိမ်းချမ်းရေးလုပ်ဆောင်မှုကို ကြိုဆိုထောက်ခံပါကြောင်း **မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**က သဘောထားထုတ်ပြန်ခဲ့။

အဆိုပါမိန့်ခွန်းတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး (၇၅)နှစ်တာကာလအတွင်း လွတ်လပ်ရေး၏ အနှစ်သာရများကို တိုင်းရင်းသားများ အပြည့်အဝမခံစားရသေးသောကြောင့် ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ငြိမ်းချမ်းရေးရရှိစေရန်နှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရန်ရည်ရွယ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ခေါင်းဆောင်များကိုယ်တိုင်နှင့် အဖွဲ့ဝင်(၂)ဦးစီ တက်ရောက်ပေးကြရန် နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၄-၂၀၂၂)**

- **၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းသည် တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်၍ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိစေရန် ကမ်းလှမ်းနှိုးဆော်ချက်ဖြစ်သဖြင့် နိုင်ငံရေးပါတီ(၂၃)ပါတီ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များမှ ထောက်ခံကြောင်းဖြင့် သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်ခဲ့။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား ဧပြီလ ၂၅ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ လက်ခံတွေ့ဆုံခဲ့ရာ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက-

- မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့သည် မိတ်ဆွေကောင်း အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ဘာသာ၊ ယဉ်ကျေးမှုနှင့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင်လည်း တူညီသောသမိုင်းကြောင်းများရှိခဲ့ကြောင်း။
- အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်နှင့်ပူးပေါင်းဆောင်ရွက်မှု၊ အကူအညီပေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် အကူအညီပေးနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းခဲ့ပါသည်။

မေးမြန်းမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ ပြုစုဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများကို စစ်ဆေးဆောင်ရွက်နေမှု၊ PR စနစ်ပြောင်းလဲကျင့်သုံးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကူအညီပေးနိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၄-၂၀၂၂)**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၌ လက်ခံတွေ့ဆုံခဲ့။**
- **အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်မှု၊ အကူအညီပေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်။**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ထိုင်းနိုင်ငံ တရားရေးဝန်ကြီးတို့ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး တိုးမြှင့်ဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေး



မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ တရားရေးဝန်ကြီး H.E.Mr.Somsak Thep-sutin ၏ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ သွားရောက်ခဲ့ပြီး ၎င်းနှင့်တွေ့ဆုံ၍ မြန်မာ-ထိုင်း နှစ်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်း ထိန်းချုပ်ရေးကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ ယခုလက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး Operation 1511/22 ၏ အောင်မြင်မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)မှ မူးယစ်ဆေးဝါးပြစ်မှုများနှင့်ဆက်နွယ်၍ သိမ်းဆည်းထားရှိသော ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲပုံအဆင့်ဆင့်နှင့်အတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ခေတ်မီနည်းပညာအသုံးပြု ဖော်ထုတ်ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာခဲ့ပါသည်။

ခရီးစဉ်တွင် အတူလိုက်ပါသွားသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၂ ရက်တွင် ထိုင်းနိုင်ငံမှ အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပသည့်(၂၃)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ရွှေတြိဂံဒေသသို့ ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်မှုထိန်းချုပ်ရေး၊ ဒေသတွင်းနှင့်ဒေသပြင်ပနိုင်ငံများသို့ မူးယစ်ဆေးဝါးများပျံ့နှံ့မှုမရှိစေရေး၊ နှစ်နိုင်ငံအလိုရှိ တရားခံများဖော်ထုတ်ဖမ်းဆီးရေးကိစ္စရပ်များ၊ လူငယ်များအကြား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးကိစ္စရပ်များနှင့် (၂၄)ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးကိစ္စရပ်များကို သဘောတူဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၇-၄-၂၀၂၂)**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က ထိုင်းနိုင်ငံ တရားရေးဝန်ကြီးအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်နေမှု




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ခေတ်မီနည်းပညာအသုံးပြု ဖော်ထုတ်ဆောင်ရွက်နေမှုအား ကြည့်ရှုလေ့လာနေမှု

- ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ တရားရေးဝန်ကြီး H.E.Mr.Somsak Thep- sutin ၏ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ သွားရောက်ခဲ့ပြီး ၎င်းနှင့်တွေ့ဆုံ၍ မြန်မာ-ထိုင်း နှစ်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးခဲ့။
- တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များတိုးမြှင့်ဆောင်ရွက်ရေး၊ ယခုလက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး Operation 1511/22 ၏ အောင်မြင်မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဋ္ဌေးအောင် “Seminar on ASEAN–Korea Culture and Tourism”သို့ အွန်လိုင်းမှ တက်ရောက်




အာဆီယံ–ကိုရီးယားဗဟိုဌာန၊ အာဆီယံအတွင်းရေးမှူး ချုပ်ရုံး၊ ကိုရီးယားခရီးသွားလုပ်ငန်းအဖွဲ့နှင့် Travie Magazine တို့မှကြီးမှူး၍ “Seminar on ASEAN–Korea Culture and Tourism” ဆွေးနွေးပွဲကို “ဒီဂျစ်တယ်နည်းပညာဖြင့် ရေရှည် တည်တံ့ခိုင်မြဲပြီး ကြံ့ကြံ့ခံတုံ့ပြန်နိုင်စွမ်းရှိသော ခရီးသွားလုပ်ငန်း များဖော်ဆောင်ခြင်း” ခေါင်းစဉ်ဖြင့် ဧပြီလ ၂၆ ရက်တွင် ကျင်းပ ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဋ္ဌေးအောင်သည် တာဝန်ရှိသူများနှင့်အတူ အွန်လိုင်းမှ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲပထမနေ့တွင် အာဆီယံ–ကိုရီးယားဗဟို ဌာနမှ အထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. KIM Hae-yong နှင့် ကိုရီးယားခရီးသွားလုပ်ငန်းအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. AHN Young-bae တို့က အာဆီယံနိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့ အကြား အနာဂတ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်း ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

သက်ဆိုင်ရာနယ်ပယ်ရှိပညာရှင်များက ဒီဂျစ်တယ်အသွင် ကူးပြောင်းခြင်းနည်းလမ်းများဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါ၏သက် ရောက်မှုများကို ဖြေရှင်းကျော်လွှားခြင်းဆိုင်ရာအတွေ့အကြုံများ နှင့် ကြံ့ကြံ့ခံတုန့်ပြန်နိုင်သော အနာဂတ်ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲသောခရီးသွားလုပ်ငန်း များ၏အရေးပါပုံများ စသည့်ခေါင်းစဉ်များအလိုက် ဆွေးနွေးတင် ပြကြပြီး ရလဒ်များအပေါ် ပြန်လည်သုံးသပ်တင်ပြကြသည်။

ယခုဆွေးနွေးပွဲအား ဧပြီလ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အာဆီယံနှင့် ကိုရီးယားခရီးသွားလုပ် ငန်းများ ပြန်လည်ဖွင့်လှစ်ရာတွင် Smart Tourism ဆိုင်ရာ မဟာ ဗျူဟာအစီအစဉ်များချမှတ်ရေးဆွဲနိုင်ရေးနှင့် အာဆီယံနှင့် ကိုရီးယားခရီးသွားလုပ်ငန်းများ ဒီဂျစ်တယ်နည်းပညာဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။

**(မြဝတီသတင်းစာ ၂၇–၄–၂၀၂၂)**

- **ပြည်ထောင်စုဝန်ကြီး ဒေါက်တာဋ္ဌေးအောင်သည် အာဆီယံ–ကိုရီးယားဗဟိုဌာန၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ကိုရီးယားခရီးသွားလုပ်ငန်းအဖွဲ့နှင့် Travie Magazine တို့မှကြီးမှူးသည့် “Seminar on ASEAN–Korea Culture and Tourism” ဆွေးနွေးပွဲကို အွန်လိုင်းမှ ပါဝင်တက်ရောက်ခဲ့။**
- **ယခုဆွေးနွေးပွဲအား ဧပြီလ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အာဆီယံနှင့် ကိုရီးယားခရီးသွားလုပ်ငန်း များပြန်လည်ဖွင့်လှစ်ရာတွင် Smart Tourism ဆိုင်ရာ မဟာဗျူဟာအစီအစဉ်များ ချမှတ်ရေးဆွဲနိုင်ရေးနှင့် အာဆီယံနှင့် ကိုရီးယားခရီးသွားလုပ်ငန်းများ ဒီဂျစ်တယ်နည်းပညာဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်။**

# (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသရောင်းချလျက်ရှိ




(၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဧပြီလ ၂၂ ရက်မှစတင်၍ ၂၈ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၃၃၀ တွဲ၊ ကျောက်မျက်အတွဲ ၁၂၀ တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း ၂,၀၀၀ တွဲတို့ကို ပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးလျက်ရှိပါသည်-

- ဧပြီလ ၂၅ ရက်တွင် ကျောက်မျက်အတွဲအမှတ်(၁)မှ ကျောက်မျက်အတွဲ ၅၄ တွဲကို ရောင်းချနိုင်ခဲ့။
- ဧပြီလ ၂၆ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၁)မှ ကျောက်စိမ်းအတွဲ ၅၂၃ တွဲကို ရောင်းချနိုင်ခဲ့။

မြန်မာ့ကျောက်မျက်ရတနာများအား ခင်းကျင်းပြသရောင်းချလျက်ရှိရာ ဧပြီလ ၂၂ ရက်မှ ၂၆ ရက်အထိ ပုလဲအတွဲပေါင်း ၃၃၀ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၅၄ တွဲနှင့် ကျောက်စိမ်းအတွဲ ၅၂၃ တွဲတို့ကိုရောင်းချပြီးဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၄-၂၀၂၂)**

- **(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဧပြီလ ၂၂ ရက်မှစတင်၍ ၂၈ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်။**
- **ဧပြီလ ၂၂ ရက်မှ ၂၆ ရက်အထိ ပုလဲအတွဲပေါင်း ၃၃၀ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၅၄ တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း ၅၂၃ တွဲတို့ကိုရောင်းချပြီးဖြစ်။**

## (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသရောင်းချနေသည့် မှတ်တမ်းဓာတ်ပုံများ









## (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသရောင်းချနေသည့် မှတ်တမ်းဓာတ်ပုံများ









# အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့လှူဒါန်းသည့် ဆန်နှင့်ဂျုံတို့ကို ပြည်သူများ၏ လက်ဝယ်အရောက်ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်



အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့အဖြစ်လှူဒါန်းသည့် ဆန်နှင့်ဂျုံအိတ်များကို ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးနေမှုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်-

- ဧပြီလ ၂၃ ရက်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတို့မှ တာဝန်ရှိသူများက မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ပြည်သူများထံသို့ ဆန်နှင့်ဂျုံများကို လက်ဝယ်အရောက်ပေးအပ်လှူဒါန်းခဲ့။
- ဧပြီလ ၂၆ ရက်တွင် တာဝန်ရှိသူများက သန်လျင်မြို့နယ်၊ သောက်တော်ကွင်းရပ်ကွက်ရှိ ဒေသခံပြည်သူအိမ်ထောင်စု ၂၁၉ စုအတွက် ဆန်အိတ် ၂၁၉ အိတ်၊ အုတ်ဖိုစုရပ်ကွက်ရှိ ဒေသခံပြည်သူအိမ်ထောင်စု ၂၆၅ စုအတွက် ဆန်အိတ် ၂၆၅ အိတ်နှင့် အမှုထမ်းရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူအိမ်ထောင်စု ၄၇၁ စုအတွက် ဆန်အိတ် ၄၇၁ အိတ်အားလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်များတွင်လည်း ဆန်နှင့်ဂျုံများကို ပြည်သူများ၏ လက်ဝယ်အရောက်ပေးအပ်လှူဒါန်းခဲ့။

အိန္ဒိယအစိုးရက လှူဒါန်းသည့် ဆန်နှင့်ဂျုံအိတ်များကို ဧပြီလ ၂၀ ရက်မှ ၂၆ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ် ၉ မြို့နယ်ရှိ ပြည်သူများထံသို့ တာဝန်ရှိသူများက လက်ဝယ်အရောက်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၄-၂၀၂၂)**

- **အိန္ဒိယအစိုးရက လှူဒါန်းသည့် ဆန်နှင့်ဂျုံအိတ်များကို ပြည်သူများ၏ လက်ဝယ်အရောက်ထောက်ပံ့ပေးနေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။**
- **ဆန်နှင့်ဂျုံအိတ်များကို ဧပြီလ ၂၀ ရက်မှ ၂၆ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ် ၉ မြို့နယ်ရှိ ပြည်သူများထံသို့ လက်ဝယ်အရောက်ဖြန့်ဝေပေးလျက်ရှိ။**

## အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့လှူဒါန်းသည့် ဆန်နှင့်ဂျုံတို့ကို ပြည်သူများ၏ လက်ဝယ်အရောက်ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်နေသည့်မှတ်တမ်းဓာတ်ပုံများ













# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ သော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် ဧပြီလ ၂၆ ရက်အထိ လူဦးရေစုစုပေါင်း ၃၀ ဒသမ ၀၄ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၂၃ ဒသမ ၀၂ သန်းနှင့် ပထမအကြိမ် ထိုးနှံပြီးစီးသူ ၇ ဒသမ ၀၂ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၅၄ ဒသမ ၄၀ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဧပြီလ ၂၆ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Booster စုစုပေါင်းထိုးနှံပြီးစီးသူ ၁,၃၃၈,၈၉၉ ဦးရှိ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများမှဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ၂၅-၇-၂၀၂၁ ရက်မှ ၂၆-၄-၂၀၂၂ ရက်အထိ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ နယ်စပ်ဂိတ်တို့မှတစ်ဆင့် ၇၇,၀၅၁ ဦးပြန်လည်ဝင်ရောက်လာခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၂၆ ရက်တွင် ဓာတ်ခွဲနမူနာစုစုပေါင်း ၈,၂၈၄ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၀.၁၈ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၆-၄-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၇,၉၁၅,၉၆၀ ခုအားစစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၆၁၂,၇၈၅ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၄၃၄ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၄-၂၀၂၂)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆောင်ရွက်နေသည့်မှတ်တမ်းဓာတ်ပုံများ









- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧပြီလ ၂၆ ရက်အထိ လူဦးရေစုစုပေါင်း ၃၀ ဒသမ ၀၄ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၂၃ ဒသမ ၀၂ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၇ ဒသမ ၀၂ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း ၅၄ ဒသမ ၄၀ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဧပြီလ၂၆ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Booster စုစုပေါင်းထိုးနှံပြီးစီးသူ ၁,၃၃၈,၈၉၉ ဦးရှိ။
- ၂၆-၄-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၇,၉၁၅,၉၆၀ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၆၁၂,၇၈၅ ဦး နှင့် သေဆုံးသူစုစုပေါင်း ၁၉,၄၃၄ ဦးဖြစ်ပြီး ၂၆-၄-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၀.၁၈ ရာခိုင်နှုန်းရှိ။

# မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သမားများအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ၁၀၉(အေ)လမ်း၊ ၅၃x၅၄ လမ်းကြားရှိ နေအိမ်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ

နိုင်ငံတော်အစိုးရအနေဖြင့် CRPH၊ NUG နှင့် PDF အကြမ်းဖက်အဖွဲ့များမှ ပြည်သူလူထုအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင် အဆောက်အဦများအား အကြောင်းမဲ့ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား ထိတ်လန့်ကြောက်ရွံ့စေရန် ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များအား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများအား နေ့/ညမပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ခုနှစ်၊ ဧပြီလ ၈ ရက်မှ ၂၀ ရက်အထိ မန္တလေးတိုင်းဒေသကြီးအတွင်း တရားခံ ကျား ၁၁ ဦး၊ မ ၂ ဦး၊ စုစုပေါင်း ၁၃ ဦးတို့အား KA-25 သေနတ် ၄ လက်၊ ၉ မမ ပစ္စတို ၁ လက်၊ လက်လုပ်သေနတ် ၂ လက်၊ ကျည်အိမ်မျိုးစုံ ၁၆ ခု၊ ကျည်မျိုးစုံ ၇၂၇ တောင့်၊ လက်ပစ်ဗုံး ၆ လုံး၊ အီနာဂါဗုံးသီး ၂၅ လုံး၊ ၁၀၇ မမ ရှော့တိုက်ဒုံးသီး ၁ လုံး၊ လက်လုပ်မိုင်းမျိုးစုံ ၁၀ လုံး၊ ဒီတိုနေတာ ၃၇၅ ချောင်း၊ ကျည်ကာအင်္ကျီ ၆ ထည်၊ ပြောက်ကျားယူနီဖောင်း ၃ စုံ၊ Keypad ဖုန်း ၂၂ လုံး၊ ဆေးပစ္စည်းမျိုးစုံထည့်ထားသည့် ပီနံအိတ် ၂၇ အိတ်နှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများသည် NUG အကြမ်းဖက်အဖွဲ့၏ စေခိုင်းမှုဖြင့် ၎င်းတို့၏ လုပ်ရှားဆောင်ရွက်ခဲ့မှုများမှာ-

- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကျော်စွာလင်း (ခ)တာရာ၊ အောင်ကျော်မိုး(ခ)မိုးမိုး၊ ဝတ်ရည်ချိုနှင့် ဖမ်းဆီးရန်ကျန် တရားခံ ရှီခါ(ခ)Shika၊ အေးငုဝါခိုင်(ခ)မတောက်တို့သည် ဖမ်းဆီးရန်ကျန်တရားခံ သန်းမြတ်စိုး(ခ)မုန်တိုင်း၏ချိတ်ဆက်ခေါ်ဆောင်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ ပန်ဦးလေးကျေးရွာအနီး၌ TNLA အဖွဲ့၊ တပ်မဟာ (၂)တွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း ၁ လတက်ရောက်ခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်စေလွှတ်၍ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများဆောင်ရွက်ရန် သန်းမြတ်စိုး(ခ)မုန်တိုင်းမှ စေခိုင်းခဲ့ခြင်းဖြစ်ပြီး လိုအပ်သည့် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများကိုလည်း ပို့ဆောင်ပေးခဲ့။
- ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ စည်သူ(ခ)ဆိတ်ကြီး၊ အောင်ကျော်မိုး(ခ)မိုးမိုး၊ ထွန်းလင်း(ခ)ပါပူး၊ ကျော်စွာလင်း(ခ)တာရာ၊ ဝတ်ရည်ချိုတို့သည် မန္တလေးမြို့ရှိ ဖွဲ့ထက်ရွှေဆိုင်အား ဓားပြတိုက်ရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန္ဒမြောက်ရွာရှိ ဖမ်းဆီးရန် ကျန်တရားခံ ဝင်းဘို ပိုင်ဆိုင်သည့် ဘဲခြံအတွင်း၌ ၃ ရက်ဆက်တိုက် လေ့ကျင့်မှုများပြုလုပ်ခဲ့သည့်အပြင် ဖမ်းဆီးရန်ကျန် တရားခံ ရှီခါ(ခ) Shika နှင့် အေးငုဝါခိုင်(ခ)





၂၀၂၂ ခုနှစ် ၊ ဧပြီလ ၉ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်ရှိ နေအိမ်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ



၂၀၂၂ ခုနှစ် ၊ ဧပြီလ ၁၄ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၃ x ၁၁၄ လမ်းကြား၌ သိမ်းဆည်းရမိခဲ့သည့် လက်လုပ်သေနတ် ၂ လက်နှင့် ဆက်စပ်ပစ္စည်းများ



၂၀၂၂ ခုနှစ် ၊ ဧပြီလ ၈ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ

မတောက်တို့ခေါင်းဆောင်၍ ရတနာပုံဥယျာဉ်ဖွင့်ပွဲအခမ်းအနားပြုလုပ်မည့်နေ့နှင့် သင်္ကြန်ကာလအတွင်း မန္တလေးမြို့အတွင်း၌ အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်ရန် စီစဉ်နေစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း။

- ဆေးပစ္စည်းမျိုးစုံထည့်ထားသည့် ပီနံအိတ် ၂၇ အိတ်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်အတွင်း လှုပ်ရှားနေသည့် TNLA အဖွဲ့၊ တပ်မဟာ(၂)သို့ ရောက်ရှိနေသော ဖမ်းဆီးရန်ကျန် တရားခံ သန်းမြတ်စိုး(ခ)မုန်တိုင်းထံပို့ဆောင်ရန် ဝယ်ယူစုဆောင်းထားခြင်းဖြစ်ကြောင်း။

ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်၊ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပြီး သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၄-၂၀၂၂)**

- **၂၀၂၂ခုနှစ်၊ ဧပြီလ ၈ ရက်မှ ၂၀ ရက်အထိ တရားခံ ကျား ၁၁ ဦး၊ မ ၂ ဦး၊ စုစုပေါင်း ၁၃ ဦးတို့အား KA-25 သေနတ် ၄ လက်၊ ၉ မမ ပစ္စတို ၁ လက်၊ လက်လုပ်သေနတ် ၂ လက်၊ ကျည်အိမ်မျိုးစုံ ၁၆ ခု၊ ကျည်မျိုးစုံ ၇၂၇ တောင့်၊ လက်ပစ်ဗုံး ၆ လုံး၊ အီနာဂါဗုံးသီး ၂၅ လုံး၊ ၁၀၇ မမ ရှော့တိုက်ဒုံးသီး ၁ လုံး၊ လက်လုပ်မိုင်းမျိုးစုံ ၁၀ လုံး၊ ဒီတိုနေတာ ၃၇၅ ချောင်း၊ ကျည်ကာအင်္ကျီ ၆ ထည်၊ ပြောက်ကျားယူနီဖောင်း ၃ စုံ၊ Keypad ဖုန်း ၂၂ လုံး၊ ဆေးပစ္စည်းမျိုးစုံထည့်ထားသည့် ပီနံအိတ် ၂၇ အိတ်နှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့။**

# မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သမားများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု

## အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်စေခိုင်းသူ



သန်းမြတ်စိုး(ခ)မုန်တိုင်း

### ဧပြီလ ၈ ရက်တွင် ဖမ်းဆီးရမိ တရားခံများ



စည်သူ(ခ) ဆိတ်ကြီး



အောင်ကျော်မိုး (ခ)မိုးမိုး



အောင်ထွန်းလင်း (ခ)ပါပူး

### ဧပြီလ ၉ ရက်တွင် ဖမ်းဆီးရမိ တရားခံများ



ကျော်စွာလင်း (ခ) တာရာ



ဝတ်ရည်ချို

### ဧပြီလ ၁၂ ရက်တွင် ဖမ်းဆီးရမိ တရားခံများ



အာကာဖြိုး

### ဧပြီလ ၁၄ ရက်တွင် ဖမ်းဆီးရမိ တရားခံများ



ဝေလင်းအောင်(ခ) အောင်လေး



နိုင်မြင့်မြင့်(ခ) နိုင်နိုင်



အောင်ပြည့်ဖြိုး(ခ) တံခွန်

### ဧပြီလ ၂၀ ရက်တွင် ဖမ်းဆီးရမိ တရားခံများ



မျိုးသီဟ(ခ) ရှောင်ကြီး



ပြည့်စိုးခန့်



ကျော်ဇင်ထွန်း(ခ) ကြောင်ကြီး



သီဟဇော်

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဧပြီလ ၁၅ ရက်နှင့် ၂၇ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၄ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၃ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၃ ဦး၊ ကရင်ပြည်နယ်၌ ၆ ဦး၊ ရှမ်းပြည်နယ်၌ ၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၂ ဦးနှင့် နေပြည်တော်ကောင်စီနယ်မြေ၌ ၁ ဦး စုစုပေါင်း ၃၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ဇန်နဝါရီလ ၂၇ ရက်မှ ဧပြီလ၂၇ ရက်ထိ စုစုပေါင်း ၃၀၉ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၄-၂၀၂၂)**

- **ဧပြီလ ၁၅ ရက်နှင့် ၂၆ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၄ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၃ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၃ ဦး၊ ကရင်ပြည်နယ်၌ ၆ ဦး၊ ရှမ်းပြည်နယ်၌ ၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၂ ဦးနှင့် နေပြည်တော်ကောင်စီနယ်မြေ၌ ၁ ဦး စုစုပေါင်း ၃၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဧပြီလ ၂၇ ရက်ထိ စုစုပေါင်း ၃၀၉ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**

---

## တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံနှင့်ပတ်သက်၍ အဂတိလိုက်စားမှုဖြင့် ပြည်ထောင်စုဝန်ကြီးဟောင်းနှင့် ကုမ္ပဏီဥက္ကဋ္ဌအပါအဝင် (၇)ဦးတို့အား အမှုဖွင့်အရေးယူ

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံအတွက် လိုအပ်သောကျောက်မီးသွေးထုတ်လုပ်ခြင်း၊ ရောင်းချခြင်းဆောင်ရွက်ချက်များတွင် အဂတိလိုက်စားမှုများရှိနေသောကြောင့် ဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ-

- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုတို့သည် တီကျစ်ကျောက်မီးသွေးအကြီးစားထုတ်လုပ်မှုအပေါ် နိုင်ငံတော်မှရရှိမည့် ဓာတ်သတ္တုခွန်များအနက် ကျောက်မီးသွေးတန်ချိန် ၂၃ သိန်းကျော်အတွက် ဓာတ်သတ္တုခွန် ငွေကျပ်သန်း ၁,၉၀၀ ကျော်နှင့် ထုတ်လုပ်မှုအချိုး ၃၀ ရာခိုင်နှုန်းအပေါ် ငွေကျပ်သန်း ၁၄,၀၀၀ ကျော် လျော့နည်းရရှိခဲ့ပြီး နိုင်ငံတော်မှ စုစုပေါင်းငွေကျပ်သန်း ၁၅,၉၀၀ ကျော်နစ်နာခဲ့ကြောင်း။
- လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီတို့သည် ကျောက်မီးသွေးဝယ်ယူခြင်းစာချုပ်ချုပ်ဆိုရာတွင် ထုတ်လုပ်မှုလျော့နည်းတွက်ချက်၍ တစ်တန်ဈေးနှုန်းတိုးမြှင့်ကာ ဌာနမှဝယ်ယူခဲ့သည့် တန်ချိန် ၁၄ သိန်းကျော်အတွက် ငွေကျပ် ၈,၂၀၀ သန်းကျော်နှင့် ကုမ္ပဏီမှပေးဆောင်ရမည့် ဝင်ငွေခွန် ငွေကျပ်သန်း ၁,၂၀၀ ကျော်၊ စုစုပေါင်းငွေကျပ်သန်း ၉,၄၀၀ ကျော် နိုင်ငံတော်မှနစ်နာခဲ့ကြောင်း။

စစ်ဆေးတွေ့ရှိချက်အရ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအုန်းဝင်း၊ ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီးဟောင်း ဒေါက်တာထွန်းနိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးနှင့် ဦးကျော်ဆန်းတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး

ဥပဒေပုဒ်မ ၅၅/၆၃ အရလည်းကောင်း၊ ကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် ကုမ္ပဏီ၏မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းမင်းခိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅/၆၃ အရလည်းကောင်း နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဘုရားကုန်းမြို့မရဲစခန်းတွင် ဧပြီလ ၂၅ ရက်နေ့ ရက်စွဲဖြင့် တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၄-၂၀၂၂)**

- **ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအုန်းဝင်း၊ ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီးဟောင်း ဒေါက်တာထွန်းနိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရလည်းကောင်း။**
- **အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးနှင့် ဦးကျော်ဆန်းတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅/၆၃ အရလည်းကောင်း။**
- **ကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် ကုမ္ပဏီ၏မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းမင်းခိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅/၆၃ အရလည်းကောင်း နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဘုရားကုန်းမြို့မရဲစခန်းတွင် ဧပြီလ ၂၅ ရက်နေ့ ရက်စွဲဖြင့် တရားစွဲဆိုအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိ။**